
ကန့်သတ်

# ဒီမိုကရေစီပါတီသစ်(ကချင်)
# [New Democracy Party (Kachin)]
# N.D.P (KACHIN)

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

၂၀၁၉ခုနှစ်၊ ဇူလိုင်လ

ကန့်သတ်



# ပါတီအလံ

# ပါတီ (Logo)

# ပါတီတံဆိပ်တုံး

# မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|---|
| | | | မှ | ထိ |
| ၁ | နိဒါန်း | | ၁ | ၂ |
| ၂ | အခန်း(၁) | ပါတီ၏ရည်မှန်းချက်၊ ယုံကြည်ချက် အခြေခံမူဝါဒ၊ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေး ဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ တိုင်းရင်း သား လူမျိုးများဆိုင်ရာ၊ တောင်သူလယ် သမားများဆိုင်ရာ၊ အလုပ်သမားဆိုင်ရာ၊ လူငယ်ဆိုင်ရာ၊ အမျိုးသမီးဆိုင်ရာ၊ နိုင်ငံ့ ဝန်ထမ်းဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ | ၂ | ၉ |
| ၃ | အခန်း(၂) | ပါတီအမည်နှင့် အဆောင်အယောင်များ ပါတီအမည်၊ ပါတီအလံနှင့် အဓိပ္ပါယ်၊ ပါတီဆောင်ပုဒ်၊ ပါတီတံဆိပ်၊ ပါတီရင်ထိုး တံဆိပ် | ၉ | ၁၃ |
| ၄ | အခန်း(၃) | ပါတီဝင်များ၏ အရည်အချင်းသတ်မှတ် တာဝန်နှင့် ဝတ္တရား၊ လိုက်နာရမည့် | ၁၄ | ၁၅ |
| ၅ | | စည်းကမ်း | ၁၆ | ၁၉ |
| ၆ | အခန်း(၄) | ပါတီဖွဲ့စည်းပုံအဆင့်ဆင့် | ၁၉ | ၁၉ |
| | အခန်း(၅) | အထွေထွေ | | |



"ထုတ်ဝေခွင့်အမှတ် - ၀၁၉၆၇၊ မဉ္ဇူသကအနုပညာအိမ်စာပေ၊ ဒေါ်ထုရာ"


ကန့်သတ်

# ဒီမိုကရေစီပါတီသစ်(ကချင်)
# [ New Democracy Party (Kachin}]
## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

**နိဒါန်း**

၁။ ကျွန်ုပ်တို့၏ အမိနိုင်ငံတော်သည် လွတ်လပ်ပြီးနိုင်ငံတော်၏ လေထု၊ ရေထု၊ မြေထု၊ တစ်ဝန်းလုံး အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသား လူမျိုးနွယ် တစ်ရာကျော်ရှိရာ တိုင်းရင်းသားမျိုးနွယ်အားလုံးသည် နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင် အစစ်အမှန်များပင် ဖြစ်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကချင်ပြည်နယ်နှင့် ကချင်ပြည်နယ်တွင်ပါဝင်သော ဝိုင်းမော်မြို့နယ်၊ ချီဖွယ်မြို့နယ်နှင့် ဆော့လော်မြို့နယ် အတွင်းရှိ ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများသည် အင်္ဂလိပ်နယ်ချဲ့ လက်အောက်မှ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလအထိ နှစ်ပေါင်း(၁၂)နှစ်ခန့် မိမိတို့ဒေသ၊ မြို့ရွာကျေးလက်များတွင် တိုင်းရင်းသားမျိုးနွယ်စု အလိုက် အေးချမ်းသာယာစွာ အသက်ရှင်လုပ်ကိုင်စားသောက်ပြီး နေထိုင်နိုင်ခဲ့သည်။

၃။ သို့သော် ၁၉၆၀ ပြည့်နှစ် အနောက်ပိုင်းကာလတွင် ကချင်ပြည်နယ်တစ်ခုလုံးလိုလို၌ နိုင်ငံတော်အစိုးရကို ဆန့်ကျင်တော်လှန်သော လက်နက်ကိုင်ပဋိပက္ခဖြစ်ပေါ်လာသဖြင့် ဤဒေသရှိ တိုင်းရင်းသားမျိုးနွယ်စုများ၊ ပြည်သူများသည်ကျေးလက်တောရွာနှင့် မြို့များပါမကျန် စစ်ဘေးစစ်ဒဏ် သင့်ပြီးစစ်၏ အနိဋ္ဌာရုံဆိုးကျိုးများကို အလူးအလဲ ခံစားလာရသည်။

၄။ မြော်အမြင်ကြီးမားသော တိုင်းရင်းသားခေါင်းဆောင်အချို့၏ဦးဆောင်မှုဖြင့်၁၉၉၀ပြည့်နှစ် ဇန်နဝါရီလ(၁၅)ရက်နေ့တွင် နိုင်ငံတော်အစိုးရ (တပ်မတော်အစိုးရနှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရမှ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ချီဖွယ်မြို့နယ်နှင့် ဆော့လော်မြို့နယ် (မြို့နယ်သုံးခု)ပါဝင်သော နယ်မြေဒေသကို ကချင်အထူးဒေသ(၁)၊ ငြိမ်းချမ်းရေး နယ်မြေဟု သတ်မှတ်ပေးခဲ့သည်။

၅။ ဒီမိုကရေစီပါတီသစ်(ကချင်) **[New Democracy Party (Kachin)]** သည်၊ ယခင်ကချင်အထူးဒေသ(၁)ဟု သတ်မှတ်ခဲ့သော နယ်မြေတခုလုံးတွင် မှီတင်းနေထိုင်လျှက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူလူထုကို အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်သူများ၏ဒေသနှင့် ဘဝလုံခြုံရေး၊ စားဝတ်နေရေးနှင့် လူမှုရေး လိုအပ်ချက်များပြည့်စုံရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်စဉ်ပါ အခွင့်အရေးများရရှိခံစားနိုင်ရေးတို့အတွက် ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန်ဒေသအကျိုးပြုပါတီအဖြစ် လေးနက်သော သိန္နိဋ္ဌာန်စိတ်ဖြင့် ဖွဲ့စည်းခြင်းဖြစ်သည်။

## အခန်း(၁)
## ပါတီ၏ရည်းမှန်းချက်၊ ယုံကြည်ချက်

**ရည်မှန်းချက်**

၆။ ပါတီရည်မှန်းချက်သည် အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူလူထုနှင့် လက်တွဲကာ စစ်မှန်သော ငြိမ်းချမ်းရေးကို ထာဝစဉ်တည်ဆောက်မည်။

(ခ) လက်နက်ကိုင် ပဋိပက္ခလုံးဝချုပ်ငြိမ်းသည့် လူ့အဖွဲ့အစည်း တစ်ရပ်ထာဝစဉ်တည်ရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) ပြည်သူများ၏ တိုင်းရင်းသားပြည်သူလူထုအားလုံး၏ အခွင့်အရေးနှင့် လူမှုစီးပွားဘဝ တပြေးညီ ထန်းတူရည်တူဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်မည်၊

(ဃ) ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုဒီမိုကရေစီနိုင်ငံတော်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက်ကြိုးပမ်းဆောင်ရွက်သွားမည်။

**ယုံကြည်ချက်**

၇။ ပါတီသည် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" တည်းဟူသော အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ်ယုံကြည်ခံယူသည်။ မိမိတို့သည် ကိုယ့်ဒေသ၊ ကိုယ့်သူမျိုးကို ကိုယ်တိုင်အုပ်ချုပ်သော ဖက်ဒရယ်စနစ်ကို ကျင့်သုံးပြီးနယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျစီမံဆောင်ရွက်ခြင်းဖြင့် ဒီတာဝန် အရေးသုံးပါးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟုလည်း ခံယူသည်။

**အခြေခံမူဝါဒ**

၈။ ဒီမိုကရေစီပါတီသစ်(ကချင်) **[New Democray Party(Kachin)]** ၏ အခြေခံမူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ယခင်ကချင်အထူးဒေသ(၁)နယ်မြေဟုသတ်မှတ်ခဲ့သောဒေသတစ်ခုလုံး (ဝိုင်းမော်မြို့နယ်၊ ချီဖွေမြို့နယ်၊ ဆော့လော်မြို့နယ်)တွင် မှီတင်းနေထိုင်လျက်ရှိသော ပြည်သူလူထုကို အခြေခံပြီး ဖွဲ့စည်းထားသော ဒေသအကျိုးပြုပါတီဖြစ်သည်။

(ခ) ဒီမိုကရေစီကျင့်စဉ်ကို အခြေခံ၍ ဒေသအတွက် ပြည်သူလူထုအကျိုးနှင့် တိုင်းပြည်အကျိုးကိုသယ်ပိုးဆောင်ရွက်မည်။

(ဂ) ပြည်သူလူထုနှင့်လက်တွဲပြီးငြိမ်းချမ်းရေးကိုထာဝစဉ်တည်ဆောက်မည်။

(ဃ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို အစဉ်ဦးထိပ်ထားမည်။

(င) နိုင်ငံတော်၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် ဒေသတည်ငြိမ်လုံခြုံမှုကို ထိပါးစေနိုင်သည့် အကြမ်းဖက်ဝါဒနှင့် ပုံစံအမျိုးမျိုး ဖြင့်ဝင်ရောက်လာမည့် နယ်ချဲ့ဝါဒတို့ကို ဆန့်ကျင်တွန်းလှန်သွားမည်။

(စ) ပါတီသည် မည်သည့်အဖွဲ့အစည်း၊ မည်သည့် ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၏ သြဇာခံမှုမဖြစ်ရ။ လွတ်လပ်စွာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်သော နိုင်ငံရေးပါတီဖြစ်သည်။

**၄။ ပါတီ၏မူဝါဒ သဘောထား-**

ပါတီ၏မူဝါဒသဘောထားများမှာအောက်ပါအတိုင်းဖြစ်ပါသည်-

**(က) နိုင်ငံရေးမူဝါဒ သဘောထား-**

(၁) နိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးနိုင်ရေးအတွက် အစဉ်ဦးတည်ဆောင်ရွက်မည်။

(၂) လူ့အဖွဲ့အစည်းအတွင်း လွတ်လပ်မှုနှင့် တာဝန်ရှိမှုကို ဟန်ချက်ညီညီကျင့်သုံးသည့် ဒီမိုကရေစီစနစ်ကျင့်စဉ်များ ထွန်းကားစေရေးအတွက် ဆောင်ရွက်မည်။

(၃) နိုင်ငံတော်တွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေး အာဏာဟူသော အာဏာသုံးရပ်အချင်းချင်း အပြန်အလှန်ထိန်းညှိနိုင်ရေးအတွက် အားပေးဆောင်ရွက်မည်။

(၄) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်မည်။

(၅) ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်းပါ သတ်မှတ်ချက်များနှင့်အညီ လူ့အခွင့်အရေးများ တန်းတူရည်တူရရှိခံစားရေးကို ဆောင်ရွက်မည်။

**(ခ) စီးပွားရေးမူဝါဒ သဘောထား-**

(၁) နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်း၊ သမဝါယမအဖွဲ့အစည်း၊ ဖက်စပ်အဖွဲ့အစည်း၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံး စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိစေရန် အားပေးကူညီသည်၊

(၂) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အားပေးကူညီမည်။

(၃) မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျော့ချနိုင်ရေးဆောင်ရွက်ရာတွင် အားပေးကူညီမည်။

(၄) ပုဂ္ဂလိကပိုင်ဆိုင်မှုများကိုဥပဒေဖြင့် ကာကွယ်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည်။

(၅) ပြည်သူလူထုစားဝတ်နေရေးဖူလုံမှုနှင့် လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် လိုအပ်သောအထောက်အကူ အခွင့်အလမ်း၊ တစ်ဦးချင်းဝင်ငွေတိုးတက်ရေးငွေကြေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးစသည့်လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်မည်။

(၆) ပြည်သူများ၏ ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့်၊ ကိုယ်ပိုင်လုပ်ကိုင်ခွင့်၊ တီထွင်ခွင့်နှင့် မူပိုင်ခွင့်တို့ရရှိစေရန် ကြိုးပမ်းဆောင်ရွက်မည်။

(၇) စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်အောင်အားပေးကူညီဆောင်ရွက်မည်။

**(ဂ) ပညာရေးမူဝါဒ သဘောထား-**

(၁) မသင်မနေရ အခမဲ့အခြေခံပညာရေးစနစ်ကို အားပေးဆောင်ရွက်မည်။

(၂) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ပညာရေး အဆင့်အတန်း မြင့်မားတိုးတက်စေရန် ပုဂ္ဂလိက ကဏ္ဍကိုလည်း အားပေး ဆောင်ရွက်မည်။

(၃) ပြည်သူအားလုံးအတွက် ပညာရေးအခွင့်အလမ်းများကို လက်လှမ်းမှီစေရန် တိုးတက်မြှင့်တင် အားပေးသွားမည်။

(၄) ပညာရေးထူးချွန်ပြီး ဆက်လက်ပညာသင်ကြားရန် အခက်အခဲရှိသော လူငယ်များကို အားပေးကူညီဆောင်ရွက်သွားမည်။

(၅) အဆင့်မြင့်ပညာရေးကဏ္ဍတွင် နိုင်ငံတကာ တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မည်။

**(ဃ) ကျန်းမာရေးမူဝါဒသဘောထား-**

(၁) အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို တိုးချဲ့မြှင့်တင်ရေးနှင့် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်မည်။

(၂) ကျန်းမာရေးစောင့်ရှောက်မှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်၊ ပြည်သူ့ ပုဂ္ဂလိကနှင့် လူမှုအဖွဲ့အစည်းများပါဝင်သော စနစ်တစ်ရပ် ထူထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

**(င) တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိသော မူဝါဒသဘောထား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးနွယ်အားလုံးသည် နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင် အစစ်အမှန်များဖြစ်သည်။ ထိုတိုင်းရင်းသား လူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်ရင်းနှီးရေး၊ အပြန်အလှန်ရိုင်းပင်းကူညီရေး၊ တန်းတူညီတူ အခွင့်အရေးရရှိရန် လိုအပ်ပါသည်။

အထူးသဖြင့် တိုးတက်ဖွံ့ဖြိုးမှုလိုအပ်နေသေးသည့် တိုင်းရင်းသားလူမျိုးနွယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသော လူမှုဘဝ ဖွံ့ဖြိုးစေရန် ကြိုးပမ်းဆောင်ရွက်မည်။ တိုင်းရင်းသားလူမျိုးအသီးသီး၏ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ အနုပညာအစဉ်အလာကောင်းများကို ထိန်းသိမ်း စောင့်ရှောက်မည်။

**(စ) တောင်သူလယ်သမားများနှင့် ပတ်သတ်သော သဘောထား-**

နိုင်ငံတော်၏ လူဦးရေအများစုသည် တောင်သူလယ်သမားများဖြစ်ပြီး လယ်ယာကုန်ထုတ်လုပ်မှုသည်လည်း နိုင်ငံတော်၏ စီးပွားရေးတွင် ကြီးမားသော ကဏ္ဍမှ ပါဝင်လျက်ရှိသည်။ တောင်သူလယ်သမားများကို နိုင်ငံ၏အရေးပါသော အခြေခံလူတန်းစားအဖြစ် အလေးအနက်ခံယူ၍ တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေများပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်မည်။ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများမှ သင့်တင့်မျှတသည့် အကျိုးအမြတ်ရရှိစေရန် ကူညီဆောင်ရွက်မည်။ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝပိုမိုတိုးတက်ရေးနှင့် စိုက်ပျိုးရေးစနစ် ခေတ်မှီတိုးတက်စေရေးကို အားပေးကူညီမည်။ မျိုးမှန်၊ မြေမှန်၊ စနစ်မှန်ဖြင့် ဒေသနှင့် ကိုက်ညီသော စိုက်ပျိုးရေးစနစ်များကို ဖော်ဆောင်နိုင်ရေးကြိုးပမ်းမည်။

**(ဆ) အလုပ်သမားများနှင့် ပတ်သက်သော သဘောထား-**

အလုပ်သမားများသည် နိုင်ငံတော်၏ အရေးပါသော အခြေခံလူတန်းစားများဖြစ်သည်။ အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ဥပဒေများပြဋ္ဌာန်းနိုင်ရေး ကူညီဆောင်ရွက်မည်။ ထိုက်တန်သော လုပ်အားခံ ရရှိရေး၊ လုပ်ငန်းခွင့်ဘေးအန္တရာယ်ကင်းရှင်းရေး၊ သက်သာချောင်ချိရေး၊ စားဝတ်နေရေးအဆင်ပြေစွာ ရပ်တည်နိုင်ရေး၊ ကူညီဆောင်ရွက်ပေးမည်။

**(ဈ) လူငယ်များနှင့် ပတ်သက်သော သဘောထား-**

လူငယ်များသည် အနာဂတ်ကို ပိုင်ဆိုင်သူများဖြစ်သည်။ အနာဂတ်နိုင်ငံတော်တည်ငြိမ်အေးချမ်းစွာ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် ယနေ့လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်လျက်ရှိသည်။ လူငယ်များထဲမှ ထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးပွားလာစေရေးအတွက် အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ရန် ကူညီဆောင်ရွက်မည်။ အခြေခံပညာကို အခမဲ့သင်ခွင့်ရရှိစေပြီး ခေတ်မီအသိပညာ အတတ်ပညာနှင့် နည်းပညာများကို ဆက်လက်ဆည်းပူးခွင့်ရရှိရန် အားပေးမြှင့်တင်သွားမည်။

**(ည) အမျိုးသမီးများနှင့် ပတ်သက်သော သဘောထား-**

အမျိုးသမီးများ၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးကို ဆောင်ရွက်သွားမည်။ အမျိုးသမီးများပညာသင်ကြားနိုင်ရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံကဏ္ဍမှ အားပေးကူညီမည်။ အမျိုးသမီးများကို အမျိုးသားများနှင့် မခွဲခြားဘဲ တန်းတူအခွင့်အရေးရရှိစေရန် ကူညီဆောင်ရွက်ပေးမည်။

**(ဋ) နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်သော သဘောထား-**

နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို စိတ်အေးချမ်းစွာနှင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်သော အင်အားစုဖြစ်စေရန် ကူညီသွားမည်။ နိုင်ငံ့ဝန်ထမ်းများအတွင်း စည်းလုံးညီညွတ်မှု အပြည့်အဝရရှိပြီး ဝန်ထမ်းဘဝသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ အငြိမ်းစားယူချိန်တွင် စားဝတ်နေရေးအဆင်ပြေစွာ ရပ်တည်နိုင်ရေးအတွက် တတ်နိုင်သည့်ဘက်မှ ဥပဒေနှင့် အညီ အကူအညီပေးသွားမည်။

(ဃ) ဘာသာရေးဆိုင်ရာ သဘောထား -

တိုင်းရင်းသားတိုင်းသည် မိမိသက်ဝင်ယုံကြည်ရာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိသည်။ ဘာသာ သာသနာ အချင်းချင်း အပြန်အလှန်လေးစားမှု၊ သင့်မြတ်မှု၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိစေရေး ကိုလည်း ဆက်သက်အားပေးကူညီမည်။

(င) ယဉ်ကျေးမှုဆိုင်ရာ သဘောထား-


အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရေး၊ သမိုင်းကြောင်း အထောက်အထားနှင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ရေရှည်တည်တံ့ခိုင်ရန် ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရေးကို အားပေးကူညီသွားမည်။

## အခန်း(၂)
## ပါတီနှင့် အဆောင်အယောင်များ

၁၀။ ပါတီ၏ အမည်သည် ဒီမိုကရေစီပါတီ(ကချင်) [New Democracy Party (Kachin)] ဖြစ်သည်။ အတိုကောက်အားဖြင့် N.D.P(KACHIN) ဟု ခေါ်ဆိုရမည်။

ပါတီအလံ

၁၁။ ပါတီ၏အလံ အရွယ်အစားမှာ အလျားငါးပေနှင့် အနံသုံးပေရှိ၍ အောက်ခံ အနီရောင်ရှိပြီး အနီရောင်အောက်ခံ၏ အလယ်တည့်တည့်တွင် ထွန်းလင်း တောက်ပသော နေပုံနှင့် နေ၏ တစ်ဘက် တစ်ချက်စီ၌ ရိုးရာဓါး တစ်လက်စီရှိပါသည်။



၁၂။ ပါတီအလံ၏ အဓိပ္ပါယ်ကို ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အနီရောင်၏သဘောမှာ ရဲစွမ်းသတ္တိရှိခြင်းဖြစ်သည်။

(ခ) ထွန်းလင်းတောက်ပသော နေ၏ သဘောမှာ အမှောင်ကို ခွင်းပြီး အလင်းကို ပေးခြင်းဖြစ်သည်။

(ဂ) ရှိုးရာခါး၏သဘောမှာ နယ်မြေဒေသရှိ တိုင်းရင်းသားလူမျိုးများ အားလုံးကို ကိုယ်စားပြုခြင်းဖြစ်သည်။

၁၃။ ပါတီ၏ဆောင်ပုဒ်

ပါတီ၏ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) "ငြိမ်းချမ်းရေး" Peace

(ခ) "တန်းတူညီမျှရေး" Equality

(ဂ) "စည်းလုံးညီညွတ်ရေး" Unity

(ဃ) "ဖွံ့ဖြိုးတိုးတက်ရေး" Development

**၁၄။ ပါတီ၏အမှတ်တံဆိပ်-**

ပါတီ၏အမှတ်တံဆိပ်ကို အောက်ပါအတိုင်းသတ်မှတ်သည်-

(က) အချင်း(၁. ၅)လက်မရှိ ဒိုင်းပုံဖြစ်ပြီး ဒိုင်းပုံ၏ အတွင်းခံ မိုးပြာရောင်သည်ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ခြင်းဖြစ်ပြီး ဘေးတစ်ဖက်စီတွင် ပန်းကွက်များနှင့် မနောတိုင် တစ်တိုင်စီ ပါရှိသည့် ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများ၏ ရိုးရာအမှတ်အသား သင်္ကေတဖြစ်သည်။

(ခ) ဒိုင်းပုံ၏အလယ်တည့်တည့်တွင် ပါတီ၏အလံပါရှိသည်။

(ဂ) ပါတီအမှတ်တံဆိပ်၏ အောက်ခံ မိုးပြာရောင်ပေါ်တွင် ပါတီ၏အမည်ဖြစ်သော"ဒီမိုကရေစီပါတီသစ်(ကချင်)"ဟူသော စကားလုံးကို အဖြူရောင်ဖြင့် ရေးသားထားသည်။

(ဃ) ပါတီအလံ၏ အောက်တည့်တည့်တွင် ပါတီအမည်အတိုကောက် N.D.P (KACHIN) ဟုဖော်ပြပါရှိသည်။

**ပါတီ၏ရုံးတံဆိပ်-**

၁၅။ ပါတီ၏ ရုံးတံဆိပ်သည် အချင်းတစ်လက်မခွဲ (၁. ၅လက်မ)ရှိသော စက်ဝိုင်းပုံဖြစ်၍ အောက်ပါပုံစံအတိုင်းဖြစ်ပါသည်။ အောက်ဘက်ကွက်လပ်တွင် မိမိတို့နှင့် သက်ဆိုင်သော ရုံး၊ ဌာနအား ထည့်သွင်းရန်ဖြစ်ပါသည်။ ဗဟိုဌာနချုပ်ရုံးတံဆိပ်အား နမူနာအဖြစ် ဖော်ပြထားသည်။

**၁၆။ ပါတီ၏ ရင်ထိုးတံဆိပ်**

ပါတီ၏ ရင်ထိုးတံဆိပ်ကို အောက်ပါအတိုင်းသတ်မှတ်သည်-

(က) ပါတီ၏ ရင်ထိုးတံဆိပ် အချင်းတစ်လက်မခွဲရှိ ဒိုင်းပုံဖြစ်သည်။

(ခ) ဒိုင်းပုံ အတွင်းခံ မိုးပြာရောင်သည် ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ခြင်းဖြစ်ပြီး ဘေးတစ်ဖက်စီတွင် ပန်းကွက်များနှင့်မနောတိုင်တစ်တိုင်စီပါရှိသည့် ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ၏ ရိုးရာအမှတ်အသားသင်္ကေတ ဖြစ်သည်၊

(ဂ) ဒိုင်းပုံ၏ အလယ်တည့်တည့်တွင် ပါတီအလံပါရှိသည်။

(ဃ) ပါတီအမှတ်တံဆိပ်၏ အောက်ခံမိုးပြာရောင်ပေါ်တွင် ပါတီ၏အမည်ဖြစ်သော **"ဒီမိုကရေစီပါတီသစ်(ကချင်)"** ဟူသောစကားလုံးကိုအဖြူရောင်ဖြင့် ရေးသားထားသည်။

(င) ပါတီအလံ၏ အောက်တည့်တည့်တွင် ပါတီအမည်အတိုကောက် N.D.P (KACHIN) ဟုဖော်ပြပါရှိသည်။

## အခန်း(၃)

## ပါတီဝင်များ၏ အရည်အချင်းသတ်မှတ်ချက် တာဝန်နှင့် ဝတ္တရားလိုက်နာရမည့် စည်းကမ်းများ

၁၇။ ပါတီဝင်များတွင် ရှိရမည့် အရည်အချင်းသတ်မှတ်ချက်များ

ပါတီဝင်များတွင် ရှိရမည့် အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တည်ဆဲနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပါ ပါတီဝင် အရည်အချင်းများနှင့် ကိုက်ညီသူ။

(ခ) အခြားနိုင်ငံရေးပါတီများ၏ ပါတီဝင်မဟုတ်သူ။

(ဂ) ပါတီ၏ ရည်မှန်းချက်၊ ယုံကြည်ချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို သက်ဝင်ယုံကြည်၍ ပါတီ၏ စည်းကမ်းကို လိုက်နာရန်ကတိသစ္စာပြုသူ။

(ဃ) နိုင်ငံ၊ ဒေသနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စေတနာဖြင့် လုပ်အားဒါနပြုသူ။

(င) ဒေသ၊ မြို့ရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတက်နိုင်သည့်ကဏ္ဍမှ ပါဝင်ဆောင်ရွက်လိုသူ။

**၁၈။ ပါတီဝင်များ၏ တာဝန်နှင့် ဝတ္တရားများ**

ပါတီဝင်တစ်ဦးချင်း၏ တာဝန်နှင့် ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပါတီ၏ ရည်မှန်းချက်၊ ယုံကြည်ချက်တို့နှင့်အညီ ငြိမ်းချမ်း သာယာရေး၊ တန်းတူအခွင့်အရေးရရှိရေး၊ စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြိုးပမ်းဆောင်ရွက်ရမည်။

(ခ) ပါတီတွင်းဒီမိုကရေစီ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဒီမိုကရေစီ ကျင့်စဉ်နှင့် အညီ ပြုမူဆက်ဆံဆောင်ရွက်ရမည်။

(ဂ) ပြည်သူလူထု၏ ဆန္ဒနှင့် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးနိုင် မည့်သူ ဖြစ်အောင် အစဉ်ကြိုးစားရမည်။

(ဃ) ပြည်သူလူထုက ပါတီ၏မူဝါဒ လုပ်ငန်းစဉ်များကိုလည်းယုံကြည် လက်ခံပြီး ထောက်ခံပူးပေါင်းဆောင်ရွက်လာစေရန် စည်းရုံးဆောင်ရွက် ရမည်။ ပြည်သူများ၏ခံစားချက်နှင့်လိုအင်ဆန္ဒများကိုလည်း သက်ဆိုင် ရာ ပါတီအဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြရမည်။

(င) ပါတီမှ ပေးအပ်သောအမိန့်နှင့် ညွှန်ကြားချက်များ တာဝန်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

**၁၉။ ပါတီဝင်များ လိုက်နာရမည့်စည်းကမ်း**

ပါတီဝင်တစ်ဦးချင်းလိုက်နာရမည့် စည်းကမ်းချက်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) မိမိဒေသနှင့် မြန်မာနိုင်ငံတော်၏ ကျေးဇူးသစ္စာကိုစောင့်သိရှိသေရ မည်။

(ခ) နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့် ပါတီ၏ စည်းကမ်းများကိုတိကျစွာလိုက်နာရမည်။

(ဂ) ပါတီ၏ သစ္စာကို စောင့်သိရိုသေရမည်။ အခြားမည်သည့် ပါတီ၏ သစ္စာကိုမျှမခံရ။

(ဃ) ဒေသနှင့် ပြည်သူတို့၏ ယုံကြည်မှုကို ပျက်ပြားစေမည့် နေထိုင်ပြောဆိုမှုနှင့် ကိုယ်ကျင့်တရားဖောက်ဖျက်မှုများကို ရှောင်ကြဉ်ရမည်။

(င) ပါတီအတွင်း စည်းလုံးညီညွတ်မှု ပျက်ပြားစေမည့် အုပ်စု ဂိုဏ်းပဏ္ဏဖွဲ့ခြင်း၊ ပုဂ္ဂိုလ်စွဲ၊ ဆန္ဒစွဲ၊ လူမျိုးစွဲ၊ အာဃာတများဖြင့် ပုတ်ခတ်တိုက်ခိုက်ခြင်း၊ ထိပါးပြောဆိုဝေဖန်ခြင်းနှင့် ရိုင်းစိုင်းကြမ်းတမ်းသော ပြုမူပြောဆိုမှုများကို ရှောင်ကြည်ရမည်။

(စ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေနိုင်သည့် ပြုမူပြောဆိုမှုနှင့် ကိုးကွယ်ယုံကြည်မှုကို ထိပါးစေနိုင်မည့် ပြုမူပြောဆိုမှုများကို ရှောင်ကြဉ်ရမည်။

(ဆ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဦးစီးကျင်းပသော ရွေးချယ်တင်မြှောက်ပွဲများတွင် မိမိပါတီမှတပါး အခြားပါတီနှင့် ပုဂ္ဂိုလ်များကို မဲပေးရန် မဲဆွယ်စည်းရုံးခြင်း မပြုရ။

(ဇ) လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုတင်ပြခွင့်ရှိသည်။ သို့သော် ပါတီဝင်အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်း၊ ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း၊ ထိခိုက်နစ်နာစေရန် မဟုတ်မမှန် တိုင်ကြားခြင်းကို ရှောင်ကြဉ်ရမည်။

(ဈ) သတ်မှတ်ထားသော ပါတီကြေးများကို ထည့်ဝင်နေရမည်။

## အခန်း(၄)

## ပါတီ၏ဖွဲ့စည်းပုံအဆင့်ဆင့်

၂၀။ ပါတီ၏ဖွဲ့စည်းပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အခြေခံအဖွဲ့များ။

(ခ) ရပ်ကွက်/ကျေးရွာအုပ်စုပါတီအဖွဲ့။

(ဂ) မြို့နယ်ပါတီကော်မတီ။

(ဃ) တိုင်းဒေသကြီး/ပြည်နယ်ပါတီကော်မတီ။

(င) ပါတီဗဟိုကော်မတီ/ဗဟိုအလုပ်အမှုဆောင်ကော်မတီ။

(စ) ပါတီ၏ နာယက/အတိုင်ပင်ခံအဖွဲ့။

(ဆ) ပါတီညီလာခံ။

၂၁။ ပါတီဗဟိုကော်မတီ၏ ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်-
(၁၂)ဦးဖြင့် ဖွဲ့စည်းသည်။ (၆. ၃. ၂၀၂၁)

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ | (၁) ဦး |
| (ခ) | ဒု-ဥက္ကဋ္ဌ | (၁) ဦး |
| (ဂ) | အထွေထွေအတွင်းရေးမှူး | (၁) ဦး |
| (ဃ) | တွဲဖက်အထွေထွေအတွင်းရေးမှူး | (၁) ဦး |
| (င) | ငွေကြေးနှင့် ဘဏ္ဍာရေး | (၁) ဦး |
| (စ) | စည်းရုံးရေးတာဝန်ခံ | (၃) ဦး |
| (ဆ) | သတင်း/ပြန်ကြားရေးအဖွဲ့ | (၁) ဦး |
| (ဇ) | စာရင်းစစ်အဖွဲ့ | (၁) ဦး |
| (ဈ) | ပါတီစည်းကမ်းထိန်းသိမ်းရေး | (၁) ဦး |
| (ည) | ဗဟိုရုံးလုပ်ငန်းအဖွဲ့ | (၁) ဦး |

ဗဟိုရုံးလုပ်ငန်းများကို ဗဟိုကော်မတီဝင် အနည်းဆုံး(၅)ဦး နှင့် ရုံးအဖွဲ့များ အချိန်ပြည့် တာဝန်ထမ်းဆောင်သွားရန်။

**ဥက္ကဋ္ဌ၏ တာဝန်**

(၁) ဥက္ကဋ္ဌသည် ပါတီ၏ ရည်မှန်းချက်၊ ယုံကြည်ချက်၊ မူဝါဒနှင့် လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဦးစီးအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(၂) ပါတီဗဟိုကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် ပါတီကို တာဝန်ခံ ဦးဆောင်ရမည်။

(၃) ဥက္ကဋ္ဌသည် အကြောင်းတခုခုကြောင့် ပါတီတာဝန် ထမ်းဆောင်နိုင်ခြင်း မရှိလျှင် ဒုတိယဥက္ကဋ္ဌအား ခေတ္တဥက္ကဋ္ဌ တာဝန်ထမ်းဆောင်စေရမည်။

**ဒုတိယဥက္ကဋ္ဌ၏ တာဝန်**

(၁) ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌအား တာဝန်ခံရမည်။ ဥက္ကဋ္ဌအား အထောက်အကူပြုရမည့်အပြင် အကြောင်းတခုခုကြောင့် ဥက္ကဋ္ဌက ပါတီတာဝန် ထမ်းဆောင်နိုင်ခြင်းမရှိလျှင် ခေတ္တဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်ရမည်။

**အထွေထွေအတွင်းရေးမှူး**

(၁) အထွေထွေအတွင်းရေးမှူးသည် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီအား တာဝန်ခံရမည်။

(၂) အထွေထွေအတွင်းရေးမှူးသည် ဗဟိုရေးရာကော်မတီများနှင့် လုပ်ငန်းအဖွဲ့အစည်းများကို ကြီးကြပ်လမ်းညွှန်ရမည်။

(၃) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်များ၊ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်အောင် တာဝန်ယူဆောင်ရွက်ရမည်။

(၄) ပါတီစည်းရုံးလှုပ်ရှားရေး၊ လေ့ကျင့်ပညာပေးရေး၊ စီမံခန့်ခွဲရေး လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(၅) ပါတီဌာနချုပ်၏ လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် ရုံးလုပ်ငန်း စနစ်တကျ ရှိရေးတို့ကို ကွပ်ကဲကြပ်မတ်ရမည်။

**တွဲဖက်အထွေထွေအတွင်းရေးမှူး၏ တာဝန်**

(၁) တွဲဖက်အထွေထွေအတွင်းရေးမှူးသည် အထွေထွေအတွင်းရေးမှူးနှင့်ဗဟိုအလုပ်အမှုဆောင်ကော်မတီကို အထောက်အကူပြုရမည်။

(၂) အကြောင်းတစ်ခုခုကြောင့် အထွေထွေအတွင်းရေးမှူးက တာဝန်ထမ်းဆောင်နိုင်ခြင်းမပြုနိုင်သည့် အချိန်တွင် အထွေထွေအတွင်းရေးမှူးတာဝန်ကို တာဝန်ခံဆောင်ရွက်ရမည်။

၂၂။ ပါတီဗဟိုကော်မတီကို ပါတီညီလာခံမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ပါတီရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

၂၃။ ပါတီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတို့ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက ပါတီရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ရွေးချယ်တင်မြှောက်ရမည်။

၂၄။ ပါတီဗဟိုကော်မတီနှင့် ပါတီအဆင့်ဆင့် ဖွဲ့စည်းမှုတွင် အမျိုးသမီးဦးရေ (၃၅)ရာခိုင်နှုန်း ပါဝင်ရွေးချယ်ဖွဲ့စည်းရမည်။

၂၅။ ပါတီဗဟိုကော်မတီသည် ပါတီအဆင့်ဆင့်ဖွဲ့စည်းမှုခိုင်မာကျစ်လစ်ရေး၊ သဘောတရားခံယူ ကျင့်သုံးမှု၊ တိုးတက်မြင့်မားရေးနှင့် စည်းရုံးရေးလုပ်ငန်း အမြဲရှင်သန်ထက်မြက်နေရေးအတွက် အစီအမံများ ချမှတ်ရမည်။

၂၆။ ပါတီဗဟိုကော်မတီသည် ပါတီညီလာခံကို တာဝန်ခံရမည်။ ပါတီဗဟိုကော်မတီ၏ သက်တမ်းသည် ပါတီဗဟိုကော်မတီအသစ် ရွေးချယ်တင်မြှောက် ပြီးသည်အထိဖြစ်သည်။

၂၇။ ပါတီဗဟိုအဆင့်၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်၊ မျက်နှာစုံညီအစည်းအဝေးကို ဘစ်နှစ်လျှင်အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။

၂၈။ ပါတီအဆင့်ဆင့်၏ ဖွဲ့စည်းပုံ၊ ရွေးချယ်တင်မြှောက်ခြင်းနှင့် စည်းဝေးဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကော်မတီဝင်များ သက်ဝက်ကျော်တက်ရောက်ရမည်။

၂၉။ ပါတီညီလာခံကို (၅)နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ကျင်းပရမည်။

၃၀။ ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများကို သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။ သတ်မှတ်ပြဋ္ဌာန်းချက်များကို အနီးကပ်ဆုံး ပါတီညီယာခံသို့ တင်ပြရမည်။


## အခန်း(၅)

## အထွေထွေ

၃၁။ နိုင်ငံတော်၏ ပြောင်းလဲဖြစ်ပေါ်နေသော အခြေအနေအချိန်အခါ ပေါ်မူတည်၍ ပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကို ပြင်ဆင်လိုပါက ပါတီညီလာခံ၌ ဆန္ဒခံယူပြီး ဆုံးဖြတ်ရမည်။ ပါတီညီလာခံကျင်းပခြင်းမပြုနိုင်သည့်ကာလများတွင် ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို အလုပ်အမှုဆောင်ကော်မတီကပြင်ဆင်နိုင်ခွင့်ရှိသည်။ ပြင်ဆင်ချက်ကို အနီးကပ်ဆုံး ပါတီဗဟိုကော်မတီ အစည်းအဝေး သို့မဟုတ် ပါတီညီလာခံသို့ တင်ပြအတည်ပြုချက်ရယူမည်။

၃၂။ ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင်မပါရှိသောအရေးကြီးဘိစ္စရပ်များပေါ်ပေါက်လာပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီက ညှိနှိုင်းဆုံးဖြတ်နိုင်သည်။ ဒီမိုကရေစီပါတီသစ်(ကချင်) **[New Democracy Party (KACHIN)]** ၏ အဆုံးအဖြတ်ပေးနိုင်သော အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းမှာ ပါတီညီလာခံဖြစ်သည်။

## ဒီမိုကရေစီပါတီသစ်(ကချင်) [New Democray Party(Kachin)] ၏ဖွဲ့စည်းပုံဇယား




<u>သင်္ကေတ-ရည်ညွှန်းချက်</u>

- ရွေးချယ်တင်မြှောက်ခြင်း
- တင်ပြ/ညှိနှိုင်းခြင်း
- ကြီးကြပ်ကွပ်ကဲလမ်းညွှန်ခြင်း
- တိုင်စာပြုခြင်း

ကန့်သတ်